# လျှပ်စစ်ပစ္စည်းကိရိယာများကိုင်တွယ်ခြင်း


## (၁)လည်ပတ်နိုင်သောလက်ကိုင်စက်တပ်လွှအသုံးပြုခြင်း

လည်ပတ်နိုင်သောလက်ကိုင်စက်တပ်လွှအသုံးပြုခြင်းကိုလေ့လာကြပါစို့။

※ အရည်အချင်းပြည့်မီရမည့်အလုပ်များ (အထူးပညာရေးနှင့်ညီမျှသောပညာရေး/ လည်ပတ်နိုင်သောလက်ကိုင်စက်တပ်လွှကိုင်တွယ်မည့်အလုပ်သမားများအတွက်ပညာရေး)

အလုပ်မစတင်မီကြိုတင်စစ်ဆေးမှုပြုလုပ်ပါ။

1. ၁။လွှအသွားများကျိုးခြင်း၊မူလီများပြုတ်ထွက်နေခြင်း ရှိမရှိ။
2. ၂။ဝါယာကြိုးများပြတ်နေခြင်း၊ပျက်စီးခြင်း ရှိမရှိ။
3. ၃။အဖုံးပြန်တပ်ခြင်းအခြေအနေ။
4. ၄။ဘရိတ်အခြေအနေ။



**က်နာရန်အချက်**


① ။ တည်ငြိမ်သောစားပွဲပေါ်မှာအလုပ်လုပ်ပါ။
② ၂။ငြိနိုင်သည့်လက်အိတ်များဝင်၍အလုပ်မလုပ်ရ။
③ ၃။မူမမှန်သောအသံများထွက်ပေါ်လာပါက အလုပ်ကိုချက်ချင်းရပ်ပါ။
④ ၄။ဝါယာကြိုးအနေအထားကိုစစ်ဆေးပြီးမှဖြတ်တောက်ခြင်းလုပ်ဆောင်ပါ။
⑤ ၅။လွှကိုလှည့်စဉ်စက်ကိုပိတ်ရန်။
⑥ ၆။လွှသွားများကျိုးပဲ့ပါကအစားထိုးလဲလှယ်ပါ။

# (၂)စက်တပ်လွှဖြင့်ဖြတ်မည့်သစ်သားပြားအားကိုင်တွယ်ခြင်း

လည်ပတ်နိုင်သောလက်ကိုင်စက်တပ်လွှအသုံးပြုခြင်းကိုလေ့လာကြပါစို့။

အလုပ်မစတင်မီကြိုတင်စစ်ဆေးမှုပြုလုပ်ပါ။

1. ၁။လွှအသွားများကျိုးခြင်း၊မူလီများပြုတ်ထွက်နေခြင်းရှိမရှိ။
2. ၂။ဝါယာကြိုးများပြတ်နေခြင်း၊ပျက်စီးခြင်း ရှိမရှိ။
3. ၃။အဖုံးပြန်တပ်ခြင်းအခြေအနေ။
4. ၄။ဘရိတ်အခြေအနေ။




**လိုက်နာရန်အချက်**

① ၁။ အန္တရာယ်ကင်းအဖုံးအနီးနားတွင်လက်ကိုမထားရ။

② ၂။ ရှည်လျားသောအရာဝတ္ထုများကိုလူနှစ်ဦးနှင့်အလုပ်လုပ်ပါ။


③ ၃။လွှသွားများကျိုးပဲ့ပါကအစားထိုးလဲလှယ်ပါ။

④ ၄။တိုသည့်အရာဝတ္ထုများဖြတ်ရာတွင်တွန်းတံကိုအသုံးပြုပါ။

# (၃)စက်တပ်လွှဖြတ်ခြင်းတွင်တွေ့ရှိတတ်သောအန္တရာယ်

## ဥပမာ။

ကျောက်ပုံးကျောက်ခွက်ပြန်ပြင်ခြင်း(ခွက်ထည့်ခြင်း)အတွက်၊သယ်ဆောင်ရလွယ်သောစက်တပ်လွှကို အသုံးပြုစဉ်၊မတော်တဆမိမိပေါင်ကိုဖြတ်မိခြင်း။



## လိုက်နာရန်အချက်

① ကျဉ်းမြောင်းသောပုံစံခွက်ကိုပြုပြင်ခြင်းလုပ်ဆောင်ရာတွင်၊လက်ကိုင်လွှကိုသာအသုံးပြုပါ။

② စက်တပ်လွှကိုအသုံးပြုစဉ်၊အန္တရာယ်ကင်းအဖုံးသည်စနစ်တကျအလုပ်လုပ်ရန်စစ်ဆေးခြင်း၊ထိန်းသိမ်းခြင်းများပြုလုပ်ပါ။


③ စက်တပ်လွှသုံးစဉ်၊တည်ငြိမ်သောအလုပ်ခုံပေါ်တွင်အလုပ်လုပ်ရန်။


## (၄) အိတ်စတန်းရှင်းဘုတ်

၎င်းကိုမိုးလုံလေလုံသုံးနှင့်ပြင်ပသုံးဟူ၍ခွဲခြားထားသဖြင့်၎င်းကိုလုပ်ငန်းခွင်အရအသုံးပြုပါ။မိုးသည်းထန်စွာရွာသွန်းသောရာသီဥတုတွင်အိမ်တွင်းသုံးပစ္စည်းကိုအိမ်ပြင်၌အသုံးပြုသောအခါ ရှော့ ရှိနိုင်သည်။



မိုးရွာချိန်၊ အိမ်တွင်းသုံးကို အိမ်ပြင်မှာသုံးလျှင် ရှော့ခ်ဖြစ်နိုင်သည့်အန္တရာယ်ရှိသည်။



### လိုက်နာရန်အချက်

① ၁။ဝါယာကြိုးကိုအကုန်ဆွဲထုတ်၍၊ဘုတ်တွင်ကြိုးမရှိနေသည့်အခြေအနေဖြင့်သာအသုံးပြုရန်။

★ ယာကြိုးသည်ဘုတ်တွင်ပတ်လျက်ရှိသည့်အနေအထားအတိုင်းသုံးပါကအပူလွန်ကဲခြင်းများဖြစ်ပေါ်တတ်၍အန္တရာယ်များသည်။

② ၂။သတ်မှတ်ထားသောလျှပ်စီးကြောင်းကိုစစ်ဆေး၍ထိုထက်ကျော်၍အသုံးမပြုရ။၀

★ သတ်မှတ်ထားသောလျှပ်စစ်အားကိုကျော်၍အသုံးပြုပါကမီးလောင်ခြင်းများဖြစ်ပေါ်တတ်သည်။

## (၅)လျှပ်စစ်ဖောက်စက်


အလုပ်မစတင်မီကြိုတင်စစ်ဆေးမှုပြုလုပ်ပါ။

① ၁။ဖောက်စက်ကပျက်စီးနေခြင်း ရှိမရှိ။

② ၂။ခလုတ်ကောင်းမကောင်းစစ်ဆေးပါ။

③ ၃။ခန္ဓာကိုယ်၏ရှေ့တွင်သာသုံးပါ။ကိုယ်ဟန်အနေအထားကိုစစ်ဆေးပါ။

④ ၄။အပေါက်ဖောက်မည့်နေရာ၏တခြားတစ်ဖက်အခြေအနေကိုစစ်ဆေးပါ။



⑤ ၅။ဝါယာကြိုးအတွင်းဝါယာသည်၃ချောင်းပူးဖြစ်မဖြစ်၊ပျက်ဆီးနေခြင်းရှိမရှိစစ်ဆေးပါ။

⑥ ၆။ကေဘယ်ကြိုးတည်နေရာကိုစစ်ဆေးပါ။



### လိုက်နာရန်အချက်

① ၁။ ဘေးကင်းလုံခြုံရေးမျက်မှန်ကိုသုံးပါ။

② ၂။အသုံးပြုနေစဉ်ပုံမှန်မဟုတ်သောအသံသို့မဟုတ်တုန်ခါမှုကိုကြားလျှင်အသုံးပြုခြင်းကိုရပ်လိုက်ပါ။


③ ၃။စိတ်ကြည်ကြည်ထားပါ။

④ ၄။အသုံးပြုပြီးပါက ပလက်ကိုဖြုတ်ပါ။

# (၆)မြန်နှုန်းမြင့်ဖြတ်စက်

## ကြိတ်ဘီး အထူးပညာရေးကိုသင်ယူပါ။

※ အရည်အချင်းပြည့်မီရမည့်အလုပ်များ (ကြိတ်ဘီးအထူးပညာရေး)



## လိုက်နာရန်အချက်

① ၁။ ကြိတ်ဘီးဘက်တွင်ကြိတ်ခြင်းကိုမပြုလုပ်ပါနှင့်။

② ၂။ဖြတ်တောက်မည့်ပစ္စည်းကိုသေချာစွာတပ်ဆင်ပြီးလက်အိတ်ဝတ်၍ဖြတ်တောက်ခြင်းကိုလုပ်ဆောင်ပါ။

③ ၃။မီးသတ်ဆေးဘူးကိုကြိုတင်ထားထားရန်။

④ ၄။ မီးကာကွယ်ရေးအဖုံးကိုသုံးပါ။

⑤ ၅။ကျွမ်းကျင်မှု ရှိသူသာဖြတ်တောက်ရန်။

⑥ ၆။အလုပ်မစတင်မှီနှင့်ဘီးကိုပြောင်းလဲပြီးနောက်စမ်းသပ်မှုမောင်းနှင်ခြင်းတစ်ခေါက်လုပ်ဆောင်ပါ။

## (၇)သံရိုက်စက်


### အလုပ်မစတင်မီကြိုတင်စစ်ဆေးမှုပြုလုပ်ပါ။

① ၁။အစိတ်အပိုင်းများပျက်စီးခြင်း၊မူလီများလျော့နေခြင်း ရှိမရှိ။

② ၂။အလုပ်နေရာတွင်ဝါယာကြိုးလိုင်းများ၊မြုပ်ထားသည့်ပစ္စည်းများ ရှိမရှိစစ်ဆေးပါ။

③ ၃။ဘေးတွင်လူ ရှိမရှိစစ်ဆေးပါ။

④ ၄။ဘေးကင်းလုံခြုံရေးမျက်မှန်များတပ်ဆင်ထားကြောင်းစစ်ဆေးပါ။




### လိုက်နာရန်အချက်

① ၁။ သံရိုက်စက်ဖြင့်လူကိုညွှန်ပြခြင်းမျာမပြုရ။

② ၂။ခလုတ်ပေါ်တွင်လက်တင်လျက်သံရိုက်စက်ကိုရွှေ့ပြောင်းခြင်းများမပြုရ။

③ ၃။မျက်နှာချင်းဆိုင်အလုပ်လုပ်ခြင်းမပြုရ။


⑤ ၄။အလုပ်လုပ်ရင်းရပ်ပါကပိုက်ကိုဖြုတ်ထားရန်။

⑥ ၅။ပုံမှန်မဟုတ်ခြင်းကိုခံစားရပါကအလုပ်လုပ်ခြင်းကိုရပ်လိုက်ပါ။

## (၈) သံရိုက်စက်သုံးစဉ်ဖြစ်ပေါ်တတ်သောအန္တရာယ်

**ဥပမာ။**

ကျောက်ပုံးကျောက်ခွက်ရိုက်ချိန်သစ်သားပြားသည်အနည်းငယ်လွတ်နေသဖြင့်သစ်သားတုံးနှင့်သစ်သားပြားအားဘယ်ဘက်လက်ဖြင့်ထိန်းကာသံရိုက်စဉ်၊အနောက်ဘက်ရှိလက်ကိုထိ၍အနာတရဖြစ်ခြင်း။



**လိုက်နာရန်အချက်**

① ၁။လက်ကိုသံလားရာနေရာတွင်မထားရန်။

② ၂။ သံအရှည်နှင့်သစ်သားအထူကိုစစ်ဆေးပါ။